မြောက်လေ နဲ့ နေ တို့ဟာ ဘယ်သူကပိုပြီးတော့ သန်မာသလဲလို့
အငြင်းပွား ခဲ့ကြပါတယ်။ အဲဒီအချိန်မှာ
ကုတ်အင်္ကျီအထူကြီးကိုဝတ်ထားတဲ့ခရီးသွားတစ်ယောက်
ရောက်လာခဲ့ပါတယ်။

သူတို့ဟာ ဘယ်သူပိုပြီးတော့ သန်မာသလဲဆိုတာ သိဖို့အတွက်
ဘယ်သူက ခရီးသည်ရဲ့အင်္ကျီကိုချွတ်နိုင်လိမ့်မလဲလို့
သဘောတူခဲ့ကြပါတယ်။

မြောက်လေဟာ သူတတ်နိုင်သမျှပြင်းပြင်းထန်ထန်တိုက်ပါတော့တယ်။

ဒါပေမယ့် သူကခပ်ပြင်းပြင်းတိုက်လေ ခရီးသည်ဟာ သူ့ရဲ့အင်္ကျီကို
ခပ်တင်းတင်းဆုပ်ကိုင်ထားလေပါပဲ။ နောက်ဆုံးမှာတော့
မြောက်လေဟာအရှုံးပေးလိုက်ရပါတယ်။

အဲဒီနောက်မှာတော့ နေဟာ သူ့ရဲ့နေပူချိန်ကိုစတင်ပါတယ်။

ဒီအခါမှာ ခရီးသည်ဟာ သူရဲ့အင်္ကျီကိုချွတ်ရပါတော့တယ်။

ဒါကြောင့် မြောက်လေဟာ နေကပိုပြီးတော့
သန်မာတယ်လို့ဝန်ခံရပါတော့တယ်။